# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 29, 2020 Volume 32, Number 21


**၂၉.၆.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၃ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၈၀၀၀ |
| ဒေါ်လာဈေး | = ၁၃၈၆/- ကျပ် |
| CBM Rate | = ၁၃၈၂.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၅၆.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၃.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၀၄.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၉.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၀.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၃၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၁၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၂.၆၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၇၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၇
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြောင်းလုပ်ငန်းအသင်း တွေ့ဆုံဆွေးနွေးခဲ့



၂၀၂၀ ခုနှစ်၊ ဇွန် ၂၆ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။ အိမ်နီးနားချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတွေရဲ့ ပြောင်းဆံလိုအပ်ချက်များလာတာကြောင့် ပြည်ပဈေးကွက်လိုအပ်ချက်က မြင့်တက်နေတယ်။ ဒီအတွက် မြန်မာနိုင်ငံမှာ ပြောင်းကို စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ဖို့လိုအပ်လာတယ်။ပြည်တွင်းအစာစပ်လုပ်ငန်းတွေကလည်း ပြောင်းဆံကိုတိုးပြီးအသုံးပြုလာတဲ့အတွက် ပြည်တွင်းမှာလည်း ပြောင်းအသုံးပြုတဲ့ နှုန်းများလာတယ်။ ဒါ့ကြောင့် ပြည်တွင်းသုံးစွဲမှု ဖူလုံစေဖို့အတွက်တွေကိုလည်း အဓိကထား ဆွေးနွေးတိုင်ပင်ခဲ့ပါတယ်ဟု မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသည့် အစေ့ထုတ်ပြောင်းကို ထိုင်းနိုင်ငံသို့ လွတ်လပ်စွာ တိုးမြှင့်တင်ပို့နိုင်ရေး၊ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့် အမြန်ဆုံး ရရှိစေရေးနှင့် ပြောင်းဈေးကွက် တိုးမြှင့်ရှာဖွေပေးနိုင်ရန် အစိုးရမှ ကူညီဆောင်ရွက်ပေးရေး၊ မြဝတီနယ်စပ်၌ ပြောင်းကုန်သွယ်မှု ဆောင်ရွက်ရာတွင် အရောင်းအဝယ်ကိစ္စများ မှန်ကန်မှုရှိစေရန်နှင့် အဆင်ပြေလွယ်ကူမှုရှိစေရန် ပြောင်းကုန်စည်ဒိုင်ဖွင့်လှစ်နိုင်ရေး၊ ပြည်ပတင်ပို့ရာတွင် ပြောင်းအရည်အသွေး ပြည့်မီရေး

စစ်ဆေးမှုဆိုင်ရာကိစ္စရပ်များနှင့် ပြောင်းမျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးထုတ်လုပ်ရေး၊ ပြောင်းအစေ့ခြွေစက်များ ခေတ်မီစေရန် ပိုမိုရင်းနှီး မြှုပ်နှံမှု ပြုလုပ်ရေးစသည့်ကဏ္ဍများကို ဆွေးနွေးခဲ့ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/meeting_for_maize_export_sector

## Young Exporter Club အစည်းအဝေးကို ဒုတိယအကြိမ်ကျင်းပ

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်နေ့ နံနက် (၁၀၀၀ )နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါဦးဆောင်၍ Young Exporter Club (ယာဃီ) ဒုတိယအကြိမ် အစည်းအဝေးကို နေပြည်တော်နှင့်ရန်ကုန် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

Young Exporter Club (ယာဃီ)ကို မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာနတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏လမ်းညွှန်မှုဖြင့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် စိတ်ပါဝင်စားသူ ပို့ကုန်လုပ်ငန်းရှင်များဖြင့် မြန်မာ့ပို့ကုန်မြှင့်တင်ရေးအတွက် အားပေးမြှင့်တင်ရန်နှင့် အစိုးရ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပို့ကုန်လုပ်ငန်းများ လျှင်မြန်ချောမွေ့စေရန်ရည်ရွယ်၍ စုစည်းတည်ထောင်ခဲ့ကြောင်းသိရပါသည်။

Young Exporter Club (ယာဃီ)၏ ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာနတွင် (၂၇.၈.၂၀၁၉ )ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ Young Exporter Club (ယာဃီ) ဖွဲ့စည်းရေးလုပ်ငန်းများကို Covid-19 ကပ်ရောဂါကြောင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲရပ်နားခဲ့ပြီးနောက် Young Exporter များမှ ဒုတိယအကြိမ်ဆွေးနွေးပွဲ ပြုလုပ်ရေးစီစဉ်ပေးရန် တင်ပြလာပါသဖြင့် " Opportunities & Challenges for Young Exporters Due to COVID-19" အစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။

သွက်လက်ရှေ့ပြေး၍ ရေရှည်တည်တံ့သော Exporting ကို အားပေးရန်၊ Export ဆိုင်ရာ ဗဟုသုတနှင့် အတွေ့အကြုံများမျှဝေခြင်းဖြင့် ကောင်းမွန်သော Exporting အလေ့အကျင့်များ ထွန်းကားလာစေရန်၊ Export နှင့် ပတ်သက်သည့် အခက်အခဲပြဿနာများ အခွင့်အလမ်းများ ဆွေးနွေးအဖြေရှာရန်၊ လက်ရှိ Exporter များနှင့် Exporter အသစ်များအား မှန်ကန်သည့်သတင်းအချက်အလက်များ အကြံပြုချက်များပံ့ပိုးနိုင်ရန်၊ ဈေးကွက်အခွင့်အလမ်းများ လျင်မြန်စွာ ဆုပ်ကိုင်မိနေစေ၍ အပြည်ပြည်ဆိုင်ရာ Exporter များ ကွန်ရက်တွင် ချိတ်ဆက်ပါဝင်မိနေစေရန် ရည်ရွယ်ကြောင်း သိရပါသည်။

**Source:** Myantrade-TIR

## မြန်မာ့ဆီး(ဇီး)ပျားရည်ကို ဂျပန်နိုင်ငံဈေးကွက်မှ လိုလားနှစ်သက်မှုရှိ



မြန်မာ့ဆီး(ဇီး)ပျားရည်ကို ဂျပန်နိုင်ငံဈေးကွက်မှ လိုလားနှစ်သက်မှုရှိနေကြောင်း သဘာဝပျားရည် ရောင်းဝယ်ရေးလုပ်ငန်းများမှ သိရသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် တောဆီး(ဇီး)ပျားရည်ကို နမူနာပေးပို့ပြီးနောက် ဂျပန်နိုင်ငံမှ နှစ်သက်သဖြင့် ရန်ကုန်အခြေစိုက် NRD Co.Ltd ကုမ္ပဏီမှတဆင့် ၂၀၂၀ ခုနှစ်၊ မေ(၂၀)ရက်က ပျားရည် မက်ထရစ်တန်(၂)တန် ဂျပန်သို့တင်ပို့ခဲ့သည်။

ကျွန်တော်တို့ဆီက မြန်မာ့ဆီး(ဇီး)ပျားရည်ကို ပါကင်ထုတ်ပိုးပြီး ကုမ္ပဏီကို ပေးရတယ်။ ကုမ္ပဏီကနေပြီး ဂျပန်ကိုတင်ပို့ပါတယ်။ တောဆီး(ဇီး) ပျားရည်နမူနာကို ဂျပန်ကို အရင်ပို့ကြည့်တော့ ဂျပန်နိုင်ငံဘက်က ကြိုက်တယ်ဆိုပြီး မှာယူခဲ့တာပါ။ မြန်မာ့အကောင်းဆုံးပျားရည်အမျိုးအစားထဲမှာ ဆီး(ဇီး) ပျားရည်က ပါဝင်ပါတယ်။ နေကြာပျားရည်ကျတော့ အေးခဲလွယ်တယ်။ သကြားပါဝင်မှုနှုန်းများတယ်။ ဆီး(ဇီး) ပျားရည်ကျတော့ အချဉ်ဓာတ်ကလေးရော အချိုဓာတ်ရောပါတယ်။ မအေးခဲလွယ်ဘူး။ ဆီး(ဇီး) ပျားရည်ရဲ့ အဲ့ဒီအချက်လေးတွေကို ဂျပန်ကသဘောကျသွားတာပါဟု ပျားသုံးဖော် သဘာဝပျားရည်ရောင်းဝယ်ရေးလုပ်ငန်းမှ စီမံအုပ်ချုပ်သူ ဦးမြင့်နိုင်ကပြောသည်။

ပြည်တွင်းပြည်ပရှိ Export လမ်းကြောင်းများ ပြန်လည်လည်ပတ်ပါက ပျားရည်ထပ်မံမှာယူမှုများရှိလာနိုင်ကြောင်း သိရသည်။ ၂၀၂၀ ခုနှစ် ဘက်ဂျတ်ကာလအတွင်းမှာတော့ ကျွန်တော်တို့ ပထမဆုံးတင်ပို့နိုင်ခဲ့တာပါ။ အခုက Export

လမ်းကြောင်းတွေ သိပ်မလည်ပတ်နိုင်သေးလို့ ခဏရပ်ထားတာပါ။ လမ်းကြောင်းတွေပြန်ပွင့်တာနဲ့ ပျားရည်ထပ်ပြီးမှာယူဖို့ အလားအလာတွေလည်းရှိပါတယ်ဟု ဦးမြင့်နိုင်က ဆက်လက်ပြောသည်။ အဆိုပါတင်ပို့သည့်ပျားရည်မှာ အရည်အသွေးမြင့် ဥရောပပျားမျိုးကို ပြည်တွင်း၌မွေးမြူ၍ စက်တင်ဘာလ၊ အောက်တိုဘာလများတွင် ထုတ်လုပ်ထားသည့် ဆီး(ဇီး)ပျားရည် အမျိုးအစားဖြစ်ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/export_honey_to_Japan

## ကိုဗစ်သက်ရောက်မှုကြောင့် ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းလာ



ကိုဗစ်နိုင်တင်းကြောင့် စားသုံးသူဝယ်ယူနိုင်စွမ်း ကျဆင်းလာခြင်းသည် ငွေကြေးဖောင်းပွမှုနှုန်းကို လျော့ကျ စေခဲ့ကြောင်း ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေးစောင့်ကြည့် လေ့လာရေး အစီရင်ခံစာ၌ ဖော်ပြထားသည်။ ထို့ပြင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီး ဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှထုတ်ပြန်သော နောက်ဆုံးထုတ် လစဉ်ငွေကြေး ဖောင်းပွမှုအခြေအနေ အစီရင်ခံစာတွင်လည်း ကိုဗစ်နိုင်တင်းကာလအတွင်း ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းလာခဲ့သည်ဟု ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်၊ ဇူလိုင်တွင် အစိုးရမှလျှပ်စစ်ခတ်အား သုံးစွဲခများကိုမြှင့်တင်ပြီးနောက် ငွေကြေးဖောင်းပွမှုနှုန်းသည် တစ်လထက်တစ်လမြင့်တက်လာခဲ့ပြီး ယခုနှစ်၊ ဇန်နဝါရီတွင် ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း ၉ ရာခိုင်နှုန်းအထိရောက်ရှိခဲ့သည်။ ဆက်လက်၍ ဖေဖော်ဝါရီတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၂ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ကိုဗစ်နိုင်တင်းစတင်တွေ့ရှိခဲ့သည့် မတ်လတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့သည်။

မတ်လနောက်ပိုင်းတွင် ငွေကြေးဖောင်းပွနှုန်း လျော့ကျလာခဲ့သည်။ ဧပြီတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၈ ဒသမ ၈ ရာခိုင်နှုန်း လျော့ကျလာခဲ့ပြီး မေတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၈ ဒသမ ၃ ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်။ '' မြန်မာမှာ ကိုဗစ်ကြောင့် အိမ်ထောင်စုတွေရဲ့ ဝယ်လိုအားတွေ ကျဆင်းလာခဲ့တာပါတယ်။ ဒါကြောင့် ငွေကြေးဖောင်းပွမှုနှုန်း အားပျော့ လာခဲ့ပါတယ် '' ဟု ကမ္ဘာ့ဘဏ်မှ အရှေ့အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးပညာရှင် Hans Anand Beck ကပြောသည်။

၂၀၁၉ခုနှစ် ဒီဇင်ဘာမှ ၂၀၂၀ ဧပြီအတွင်း အစားအသောက်နှင့် အစားအသောက်မဟုတ်သော ကုန်စည်ဈေးနှုန်းများ လျော့နည်းလာခဲ့ကြောင်း ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေးစောင့်ကြည့် လေ့လာရေးအစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကြေးဖောင်းပွမှုဖိအား လျော့နည်းသွားမည်ဟုခန့်မှန်းထားကြောင်း ကမ္ဘာ့ဘဏ်က သုံးသပ်ထားသည်။

**Source:** https://myanmar.mmtimes.com/news/140764.html

## ပြည်ပပြန် ဆောက်လုပ်ရေးလုပ်သားများအား ပြည်တွင်းကုမ္ပဏီ ၂,၀၀၀ ကျော်တွင် အလုပ်ဝင်ရန်ဖိတ်ခေါ်



ပြည်ပမှပြန်လာသော ဆောက်လုပ်ရေးလုပ်သားများအား ပြည်တွင်း ဆောက်လုပ်ရေးကုမ္ပဏီ ၂,၀၀၀ ကျော်တွင် ဝင်ရောက်လုပ်ကိုင်ရန် ဆောက်လုပ်ရေး ဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်က ဇွန်လ ၂၇ ရက်၌ဖိတ်ခေါ်သည်။ အလုပ်အကိုင် အတွက် အင်ဂျင်နီယာများ၊ ကျွမ်းကျင်လုပ်သားများနှင့် ဆောက်လုပ်ရေးလုပ်သားဟူ၍ သုံးမျိုး ပါဝင်ပြီး COVID -19 ကြောင့် ပြည်ပမှပြန်လာပြီး အလုပ်လက်မဲ့ဖြစ်သူ များကို အလုပ်အကိုင် ဖန်တီးပေးရန်ဖြစ်သည်ဟု အဆိုပါအသင်းချုပ်ကဆိုသည်။ "အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးက အစိုးရတာဝန်ပါ။ ဒါပေမဲ့လည်း အသင်းချုပ် က တတ်နိုင်သလောက်ဝိုင်းကူညီတဲ့ သဘောပါပဲ" ဟု မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေ

အတွင်းရေးမှူး ဦးမျိုးမြင့်ကပြောသည်။

COVID-19 ကြောင့် ဆောက်လုပ်ရေးလုပ်သား ၅,၀၀၀ ခန့် မြန်မာနိုင်ငံသို့ပြန်လာခဲ့ပြီး ထိုအထဲမှပြည်တွင်း ကုမ္ပဏီများတွင် လုပ်ကိုင်ရန် စိတ်ဝင်စားသူများကို ဖိတ်ခေါ်ခြင်းဖြစ်သည်။ လုပ်သား အရေအတွက်အပေါ်မူတည်၍ သက်ဆိုင်ရာ ကုမ္ပဏီများတွင် ခွဲဝေချထားမည်ဟုဆိုသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုရှိ အဆိုပါကုမ္ပဏီများ၌ အလုပ်လုပ်လိုသူများသည် အသင်းချုပ်ရုံးခန်းသို့ ဇူလိုင် ၁၅ ရက် နောက်ဆုံးထားဆက်သွယ်ပေးရမည်ဖြစ်သည်။ အသင်းချုပ်ဖုန်းမှာ ၀၉-၈၉၃၂၂ ၇၁၀၈, ၀၉-၈၉၃၂၂၇၁၀၉,၀၉-၈၉၃၂၂၇၁၁၀တို့ဖြစ်ပြီး၊ အီးမေးလ်မှာ admin@mcef.org.mm နှင့် mced1996@ gmail.com တို့ဖြစ်သည်။

ကိုဗစ်ကာအတွင်း ပိတ်သိမ်းခဲ့သည့် စက်ရုံ၊ အလုပ်ရုံ၊ စားသောက်ဆိုင် ၅၇၀၀ ကျော်ရှိ ပြီး အလုပ်လက်မဲ့ဖြစ် သွားသည့် အလုပ်သမား ၁၄၀၀၀၀ ကျော်ရှိသည်။ အလုပ်လက်မဲ့စာရင်းသည် ပြည်ပမှပြန်လာသူ တစ်သိန်းကျော်စာရင်းပါ ထည့်သွင်း တွက်ချက်မည်ဆိုပါက အလုပ်လက်မဲ့ဦးရေ နှစ်သိန်းကျော်ရှိနိုင်ကြောင်း အလုပ်သမားဦးစီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်ကပြောသည်။

**Source:** https://7day.news/detail?id=190433

## ပြည်တွင်းနာနတ်သီး တရုတ်သို့တရားဝင်တင်ပို့ခွင့်ရရေး ဆောင်ရွက်ပေးသင့်ဟု ဆို



ပြည်တွင်းမှနာနတ်သီးကို တရုတ်ဈေးကွက်သို့ တရားဝင်တင်ပို့နိုင်ရေး သက်ဆိုင်ရာအဖွဲ့များက အားထည့်ဆောင်ရွက်ပေးသင့်ပြီး လက်ရှိတွင် ပြည်တွင်းဈေးကွက်၌ ထိုးဖောက်ရောင်းချနေရသဖြင့် တွက်ခြေမကိုက် ဖြစ်နေကြောင်း မြန်မာနိုင်ငံ နာနတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးစိုင်းကျော်ညွန့်ကပြောသည်။

နာနတ်သီးများ တရုတ်သို့ တင်ပို့ရာတွင် ၂၀၁၉ ခုနှစ် ဇွန်လနောက်ပိုင်း၌ ဝယ်ယူမှု ရပ်ဆိုင်းလိုက်သဖြင့် ပိုးမွှားကင်းစင်ကြောင်း လက်မှတ်(PC) ရရှိရေး နှင့် တရားဝင်တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ "တရုတ်ကို မတင်ပို့နိုင်ရင် နာနတ်သီးသမားတွေ အထိနာမယ်။ အထိလည်းနာခဲ့ပြီ။သီးနှံပြောင်းစိုက်မယ် ဆိုပြန်တော့ နာနတ်သီးက အခြားသီးနှံလိုမဟုတ်ဘဲ အလွယ်တကူ ခုတ်ပစ်လို့မရလို့ တရုတ်ဘက် တင်ပို့နိုင်ရေးကို အားစိုက်ခဲ့တယ်။ စိုက်ပျိုးရေး ဌာနကလည်း လိုအပ်တာအမြန်ဆုံးကူညီပေးစေချင်တာက တရုတ်နိုင်ငံယူနန်ပြည်နယ်ဘက်ကို ရောင်းဝယ်ခွင့်ရရှိအောင် ကူညီနိုင်မလားပေါ့"ဟု ၎င်းကပြောသည်။

သီးနှံကုန်ပစ္စည်းများ ပြည်ပနိုင်ငံများသို့တင်ပို့ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားကင်းစင်ကြောင်းလက်မှတ် (PC) ထုတ်ပေးရာ၌ နှစ်နိုင်ငံတရားဝင်ဖြစ်အောင်ညှိနှိုင်းခြင်း၊ တင်ပို့မည့် သီးနှံ၊ ရာသီဥတု၊ စိုက်ပျိုးထွက်ရှိရာဒေသ၊ စိုက်ပျိုးနည်း စနစ်နှင့် သီးနှံဖျက်ပိုးစာရင်းစသည်တို့ကိုပြုစုပြီး တစ်ဘက်နိုင်ငံသို့ပေးပို့ရခြင်း၊ တင်ပို့သည့်အချက်အလက်များကို တစ်ကမ္ဘာလုံးမှ တင်ပို့လိုသူများအတွက် စစ်ဆေးရခြင်းတို့ လုပ်ဆောင်ရ၍ အချိန် ၆ လမှ တစ်နှစ်ခန့် ကြာမြင့်ကြောင်းသိရသည်။ "တရားဝင်တင်သွင်းခွင့်ပြုပြီဆိုမှ ဌာနကို PC လာလျှောက်ရမှာပါ။တင်သွင်းခွင့်ပြုချိန်မှာ PC မပါဘဲ ပို့လို့မရဘူး။ နှစ်နိုင်ငံ သဘောတူညီမှုမရခင်မှာ PC လည်းမလိုသေးဘူး။ တင်ပို့ခွင့်လည်းမရသေးဘူး။ တရားဝင်တင်သွင်းခွင့် ပို့မရသေးလို့ PC မလိုအပ်သေးဘူး။ ပို့ခွင့်ရပြီဆိုရင် ဌာနကပိုးပါမပါစစ်ဆေးပြီးတော့ ပိုးမွှားကင်းစင်ကြောင်း PC ထုတ်ပေးပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ရှိသူကပြောသည်။

မြန်မာတစ်နိုင်ငံလုံးတွင် နာနတ်သီးစိုက်ဧက ၃၅၀၀၀ ခန့်ရှိပြီး ဇွန်လမှဩဂုတ်လထိ ထွက်ပေါ်သည့်ရာသီသီးနှံဖြစ်၍ တရုတ်နိုင်ငံသို့ ပျမ်းမျှတန်ချိန် ၄၀၀၀၀ နီးပါးနှစ်စဉ်တင်ပို့ခဲ့ကြောင်း၊ ပြည်တွင်း၌ နာနတ်သီးသည် စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်ဘက်မှထွက်ရှိပြီး ၅၀ ရာနှုန်းမှာ ပြည်တွင်းဈေးကွက်သို့ ရောင်းချရကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/140745.html

# ပြည်ပက ဝင်ရောက်မှုများ၍ ဈေးနှုန်းနိမ့်နေသော အာလူးနှင့်ကြက်သွန်ဖြူ




မူဆယ်နယ်စပ်တွင် ပုံမှန်တင်ပို့နေကျ ဆန်၊ သစ်သီးဝလံများ တင်ပို့မှုတွင် အခက်အခဲရှိနေချိန် မြန်မာနိုင်ငံတွင်းသို့ တစ်ဖက်နိုင်ငံက ကြက်သွန်ဖြူ အာလူးများ ပုံမှန်ကာလနီးပါးဝင်ရောက်နေကြောင်း ရန်ကုန်ဈေးကွက်မှ နယ်ပို့အဝယ်တော်အချို့ကပြောဆိုလာသည်။ ရှမ်းပြည်နယ်ဒေသက ရှမ်းကြက်သွန်ဖြူ အောင်ပန်း၊ ဟဲဟိုး အမျိုးအစားများ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်မှုရှိသည်။ လွိုင်ကော်ဒေသထွက် ကြက်သွန်ဖြူများလည်း ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်သော်လည်း ရှမ်းကြက်သွန်ကဲ့သို့ ပမာဏမများဟု သိရသည်။ နှစ်စဉ် ဒီဇင်ဘာလအတွင်း စိုက်ပျိုးပြီး ဧပြီလနှင့် မေလတို့တွင် နုတ်သိမ်းသောမယ်စဲ့မြို့နယ်ထွက် ကြက်သွန်ဖြူများသည် ယခင်နှစ်များတွင် လက်ကျန်မရှိသလောက် စိုက်ပျိုးသူများရောင်းချခဲ့ရသော်လည်း ယခုနှစ်တွင်မူ ကိုဗစ်ကာလ လမ်းများပိတ်ထားခြင်းနှင့်အတူ ထိုင်းနိုင်ငံက လာရောက်ဝယ်ယူမှုမရှိခြင်းတို့ တွေ့ကြုံနေရသည်ဟုငင်းဒေသ ဈေးကွက်သတင်းများအရ သိရသည်။

ယခင်နှစ်ကာလတူတွင် ကြက်သွန်ဖြူအစို တစ်ကီလိုလျှင် ထိုင်း ၁၃ ဘတ်မှ၁၅ ဘတ်၊ အခြောက်တစ်ကီလိုလျှင် ၃၅ ဘတ်အထိ ရောင်းချရသည်။ သို့ဖြစ်ရာ ၎င်းဒေသထွက် ကြက်သွန်ဖြူတစ်ပိဿာလျှင် ၂၀၁၉ ခုနှစ်၊ ဖွန်လအတွင်း အစို ကျပ် ၁၀၀၀နှုန်း၊ အခြောက် ကျပ် ၂၃၀၀ နှုန်းဝန်းကျင်ဖြင့် စိုက်ခင်းအရောက် လာရောက်ဝယ်ယူမှုရှိသည်ဟုသိရသည်။ ပြည်တွင်းထွက် ရှမ်းကြက်သွန်ဖြူအသစ်ထွက်ပေါ်ချိန်ထက် ပြည်ပကတင်သွင်းလာသော ကြူကုတ်ကြက်သွန်ဖြူအသစ် ထွက်ပေါ်ချိန်မှာ လအနည်းငယ်နောက်ကျတတ်သည်။ ၂၀၁၇ နှစ်ဆန်းပိုင်း ရှမ်းကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ကျပ်၅၀၀၀ ဝန်းကျင်အထိ ဈေးမြင့်ခဲ့သော်လည်း ရှမ်းကြက်သွန်ဖြူအသစ်ထွက်ပေါ်သည့် သင်္ကြန်ရက်ဝန်းကျင်တွင် ဈေးနှုန်းအနည်းငယ်ပြန်ကျလာသည်။ သို့သော် ကြူကုတ်ကြက်သွန်ဖြူ အဟောင်းမှာ ၂၀၁၇ ခုနှစ်၊ မေလဆန်းတွင် လက်ကားတစ်ပိဿာ ကျပ် ၆၇၀၀ အထိ မြင့်တက်ပြီး ၎င်းရက်ပိုင်းမှာ စတင်ဝင်ရောက်လာသော ကြူကုတ်ကြက်သွန်ဖြူအသစ်မှာ တစ်ပိဿာလက်ကားဈေး ကျပ် ၅၈၀၀ ဖြင့် စတင်ရောင်းချပြီးနောက်ပိုင်းတွင် ဈေးနှုန်းများ ပြန်လည်ကျလာသည်။ ပြည်ပကကြူကုတ်ကြက်သွန်ဖြူများ အလုံးအရင်းဖြင့် ဝင်ရောက်နေသဖြင့် ရှမ်းကြက်သွန်ဖြူဈေးနှုန်းသည် ၂၀၁၇ ခုနှစ်ကဲ့သို့ မြင့်တက်ခြင်း မရှိသည်မှာ သုံးနှစ်ဝန်းကျင်ရှိလာသည်။ ၂၀၂၀ ပြည့်နှစ်၊ ကြူကုတ်အသစ်ဝင်ရောက်ချိန် ဖွန်လဆန်းတွင် ကျပ် ၁၅၀၀နှုန်းအထိ မြင့်ခဲ့သော်လည်း ကျပ် ၁၂၅၀ ဝန်းကျင်အထိ ဈေးနှုန်းပြန်လည်ကျလာသည်။

ကြူကုတ်ကြက်သွန်ဖြူကဲ့သို့ တရုတ်အာလူးများသည်လည်း နိုင်ငံတွင်းသို့ အများအပြားဝင်ရောက်လာသဖြင့် နိုင်ငံတွင်းထွက် ရှမ်းအာလူးများ ဈေးနှုန်းအမြင့်သို့ ၂၀၂၀ ပြည့်နှစ်တွင်မရောက်ခဲ့ဟုသိရသည်။ ကြူကုတ်ကြက်သွန်ဖြူသည် နိုင်ငံတွင်းသို့တစ်နှစ်ပတ်လုံး ဝင်ရောက်နေသော်လည်း တရုတ်အာလူးသည် ပြည်တွင်း အာလူး ဈေးနိမ့်နေသည့်လများတွင် ဝင်ရောက်မှုနည်းတတ်သည်။ နှစ်ဆန်းပိုင်း ဆင်ဖြူကျွန်းအာလူး ဈေးကွက်အတွင်းသို့ ဝင်ရောက်သည့် ကာလများတွင် ပြည်တွင်းအာလူးဈေးနိမ့်နေ၍ တရုတ်အာလူး ဝင်ရောက်မှု နည်းသည်။

ရာသီဥတုကြောင့် မိုးများခြင်း၊ မိုးခေါင်ခြင်းများဖြစ်သော နှစ်များတွင်ရှမ်း အာလူးဈေးနှုန်းသည် လက်ကား တစ်ပိဿာ ကျပ် ၁၅၀၀ နှုန်းအထိ ရှိတတ်သည်။ တရုတ်အာလူးများ ဝင်ရောက်လာသော ယခုနှစ်ပိုင်းများတွင် အာလူးဈေးနှုန်းသည် စံချိန်တင်ဈေးနှုန်းသို့ မြင့်တက်မှုနည်းသည်။အညာဒေသ ကြက်သွန်ကုန်သည်များ၊ မန္တလေးက ကုန်သည်များ၊ နယ်စပ်ကုန်သည်များက ရန်ကုန်ဈေးကွက်သို့တရုတ်အာလူးများကို ပိဿာချိန် ၂၀၀၀၀ဝန်းကျင် တင်ဆောင်သော တွဲကား၊ ပိဿာချိန် ၁၀၀၀၀ ဝန်းကျင်တင်ဆောင်သော ၁၂ ဘီးကားများဖြင့် တင်ပို့ကြသည်။ အာလူးအရည်အသွေးညံ့ခြင်း၊ လမ်းခရီးတွင် မိုးမိခြင်းများအပြင် ရန်ကုန်အာလူးဈေးကွက်အတွင်း ဈေးနှုန်းကျနေချိန် တရုတ်အာလူးတင်ပို့သူများ သိန်းချီဆုံးရှုံးမှု ရှိလာသည်။ ၂၀၂၀ ပြည့်နှစ်၊ ဖွန်လဆန်း ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လာသောတရုတ်အာလူးများမှာ အရည်အသွေး ကောင်း၍ ရှမ်း အာလူးထက်ပို၍ အဝယ်များရာ ခွဲတမ်းစနစ်ဖြင့်ပင် ဝယ်ရသည်ဟုအဝယ်တော်တစ်ဦးက ဆိုသည်။

၂၀၂၀ ပြည့်နှစ်၊ ဇွန် ၁ ရက်တွင် တရုတ်အာလူး လက်ကားတစ်ပိဿာ ၆၇၅ ကျပ်နှုန်းသာရှိသော်လည်း ဇွန် ၂ ရက်တွင်ကျပ် ၇၀၀ နှုန်းသို့ မြင့်တက်ကာ ခွဲတမ်းဖြင့် ဝယ်ရသည်။ ဇွန် ၃ ရက်တွင်မူ ကျပ် ၇၃၀ နှုန်းအထိဈေးမြင့်ခဲ့သည်။ သို့သော် ၎င်းနောက်ပိုင်း ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လာသော တရုတ်အာလူးအများစုမှာ အရည်အသွေးညံ့၊ အစိုပြန်၊ မိုးမိပြီး အချိန်မီ ကုန်ကားပေါ်က ပွဲရုံတွင်းသို့ ချပေးနိုင်ခြင်းမရှိသည်ကို ဇွန် ၁၃ရက်တွင် မြင်တွေ့ရသည်။ တရုတ်အာလူးအိတ်များကို အိတ်သွန်၊ အပုပ်ဖယ် ရွေးချယ်သန့်စင်ပြီးမှ ပြန်လည်ရောင်းချရသည်။ ဇွန် ၁၅ ရက်တွင်မရွေးဖယ်ရသောမူလအိတ် (အရိုင်း) အတိုင်း လက်ကားတစ်ပိဿာ ကျပ် ၅၀၀နှုန်း၊ ရွေးချယ်သန့်စင်ပြီး အိတ်ပြန်ထည့် တစ်ပိဿာ ကျပ် ၅၃၀နှုန်း ရောင်းချခဲ့သည်။ သို့သော် ဇွန် ၁၇ ရက် ရန်ကုန်ဈေးကွက်အတွင်း နယ်စပ်မှ အာလူးသွင်းသည့်ပါမစ်ပိတ်သည်ဆိုကာတရုတ်အာလူးဈေးနှုန်းသည် လက်ကားတစ်ပိဿာ ကျပ် ၆၀၀ အထိမြင့်လာပြန်သည်။ ရန်ကုန်အာလူးဈေးနှုန်း ကျပ် ၇၀၀ ဝန်းကျင်ဖြစ်ချိန်၊ နယ်စပ်က ဝယ်ယူတင်ပို့ရချိန် အပုပ်များဖယ်ရပြီး ဈေးနှုန်းများလည်းကျနေသဖြင့် တရုတ်အာလူးတစ်ပိဿာ ကျပ် ၁၀၀ ဝန်းကျင်ရှုံးရာ ၁၂ ဘီးတစ်စီးလျှင် ကျပ် ၁၀ သိန်းဝန်းကျင် ဆုံးရှုံးမှုရှိလာသည်ဟုသိရသည်။ ဖယ်ထုတ်ထားသော အပုပ်များထည့်ထားသည့် အိတ် ၂၀ ဝန်းကျင်ကို ရသည့်ဈေးနှုန်း ကျပ် ၅၀၀၀ ဖြင့်ရောင်းချရသည်။ ဝယ်ယူသူများက အပုပ်နေရာများဖြတ်ကာ ကျန်အသားနေရာများကို အခွံခွာ၍ လက်လီရောင်းချသည်ဟုသိရသည်။

ပြည်တွင်းကြက်သွန်နီဈေးနှုန်း အနိမ့်တွင်ရှိနေဆဲဖြစ်၍ တရုတ်ကြက်သွန်နီ၊ ပြည်တွင်းငရုတ်ဈေးနှုန်း နိမ့်နေ၍ အိန္ဒိယ ငရုတ်ရှည်များသည် ၂၀၂၀ နှစ်လယ်ပိုင်းဝန်းကျင်တွင် ပြည်ပက ဝင်ရောက်မှု မရှိသေးဟု ရန်ကုန်ဈေးကွက်ထံမှ သိရသည်။ သို့သော်ဆန်၊ သစ်သီးဝလံအချို့ မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံဘက်သို့ ပုံမှန်တင်သွင်းရာတွင် အခက်အခဲရှိနေသော်လည်း တရုတ်နိုင်ငံဘက်က အာလူးနှင့်ကြူကုတ်ကြက်သွန်ဖြူများ ရန်ကုန်ဈေးကွက်သို့ တွဲကား၊ ၁၂ ဘီးကားများဖြင့် ဝင်ရောက်မှုမှာ ပုံမှန်ကာလအတိုင်း ရှိနေသည်။ သို့ဖြစ်ရာ ကြက်သွန်ဖြူ၊ အာလူးဈေးနှုန်းများသည် အခြားစားဖိုဆောင်သုံးကြက်သွန်နီ၊ သကြား၊ ငရုတ်ကဲ့သို့ ဈေးနှုန်းအနိမ့်တွင် ရှိနေသည့်အတွက် စိုက်ပျိုးသူများသီးနှံထွက်ပေါ်ချိန် ဈေးနှုန်းအနိမ့်တွင်သာရရှိနေသည်။ သို့သော် လှောင်လက်များအနေဖြင့်မူ ဈေးကွက်အခြေအနေပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲကာ အကျိုးအမြတ်အနည်း၊အများ ရရှိနိုင်သည်ဟု ဈေးကွက်လေ့လာသူတစ်ဦးက သုံးသပ်ပြောဆိုသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/9564597

## စစ်တွေ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ယာယီရပ်နား

စစ်တွေမြို့တွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိသူ တစ်ဦးရှိလာပြီးနောက် ဘင်္ဂလားဒေ့ရှ်နှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများကို ယာယီရပ်နားထားသည်။ ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့လူနာအမှတ် (၂၉၂)သည် နယ် စပ်ကုန်သွယ်ရေးစက်လှေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လာခဲ့သူဖြစ်သည်။ “လောလောဆယ်တော့ ကုန်သွယ်မှုလုပ်ငန်းတွေ ယာယီရပ်ဆိုင်းထားပါတယ်။ ကုန်သည်တွေကတော့ ထိခိုက်နစ်နာမှာပဲ”ဟု ရခိုင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်အောင်ဦးကပြောသည်။ ရခိုင်ပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် စစ်တွေနယ်စပ်စခန်းနှင့် မောင်တောနယ်စပ်စခန်းများမှာ တိုက်ပွဲများ၏ အကျိုးဆက်ကြောင့်လုပ်ငန်းများ မကောင်းဖြစ်နေပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြောင့်လည်း ထပ်မံထိခိုက်လာသည်ဟု ကုန်သွယ်သူအချို့ကပြောသည်။

စစ်တွေနယ်စပ်စခန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားကုန်သွယ်မှုသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဒေါ်လာ ၁၅ ဒသမ ၉၆၉ သန်းသာရှိခဲ့ပြီး အများဆုံးတင်ပို့ရသည့်ပစ္စည်းများမှာ ရေထွက်ပစ္စည်းနှင့် ကြက်သွန်နီတို့ဖြစ်သည်။

**Source:** https://7day.news/detail?id=190549

## ကိုဗစ်-၁၉ ကြောင့်ထိခိုက်သော တောင်သူများအတွက် ဒေါ်လာသန်း ၂၀၀ ကမ္ဘာ့ဘဏ်ချေးမည်



ကိုဗစ်-၁၉ ကြောင့်ထိခိုက်ရသည့် တောင်သူလယ်သမားများအား ပံ့ပိုးနိုင်မည့် မြန်မာနိုင်ငံစိုက်ပျိုး မွေးမြူရေးစနစ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ ကို ဇွန်လ ၂၆ ရက်က အတည်ပြုလိုက်ကြောင်း ကမ္ဘာ့ဘဏ်ကထုတ်ပြန်သည်။ မြန်မာနိုင်ငံစိုက်ပျိုး မွေးမြူရေးကဏ္ဍရှိ တောင်သူလယ်သမားများ စိုက်ပျိုးမွေးမြူထုတ်ကုန်များ တိုးမြှင့်ရေးနှင့် သီးနှံအစားကွဲပြားစုံလင်စွာ စိုက်ပျိုးနိုင်ရေး၊ ဈေးကွက်ချိတ်ဆက်နိုင်မှု ကောင်းမွန်စေရေးတို့အတွက် မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုး မွေးမြူရေးစနစ်ဖွံ့ဖြိုးရေး စီမံကိန်းအားအကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်၏ အမှုဆောင်ဘုတ်အဖွဲ့က အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအ သင်း(IDA)မှ ချေးငွေကို အတည်ပြုလိုက်ခြင်းဖြစ်သည်။

ချေးငွေသည် မြေယာအနည်းငယ်သာပိုင်ဆိုင်လုပ်ကိုင်နိုင်သည့် လယ်သမားများ၊ အမျိုးသမီးများနှင့်အခြားသော အားနည်းသည့် အုပ်စုများအားလုံးပါဝင်နိုင်ရေးကို အထူးအလေးထားကာ ဆောင်ရွက်သွားမည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။ မြန်မာနိုင်ငံ၌ သားငါးဈေးများနှင့် တိရစ္ဆာန်အသား ထုတ်လုပ်ရေးစက်ရုံများ ယာယီပိတ်ခြင်း၊ သွားလာမှုကန့်သတ်ခြင်း၊ ကုန်စည်ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးစနစ် ရပ်တန့်သွားခြင်း၊ နယ်စပ်ဖြတ်ကျော်ခွင့်များ တင်းကြပ်လိုက်ခြင်းအပါအဝင် ကိုဗစ်-၁၉ ကူးစက်မှုတားဆီးကာကွယ်ရေးနည်းလမ်းများ ချမှတ်ကျင့်သုံးလိုက်သည့်အတွက် အခြားတစ်ဖက်တွင် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးမွေးမြူရေးစနစ်ကို အတားအဆီးများ ဖြစ်စေသည်။

ကုန်စည်ထောက်ပံ့ကွင်းဆက် အဟန့်အတားဖြစ်ခြင်းကြောင့် ဈေးကွက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး မွေးမြူရေးသမားများ၊ စီးပွားရေးလုပ်ငန်းများနှင့် အသားထုတ်လုပ်သူများအတွက် တိရစ္ဆာန်အစားအစာစရိတ်များမြင့်တက်လာခဲ့သည်။ ယမန်နေ့က ထုတ်ပြန်ခဲ့သော ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှုအစီရင်ခံစာအရ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် သုညဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားနိုင်သည့်အပြင် ထပ်မံကျဆင်းနိုင်သည့် အန္တရာယ်စိန်ခေါ်မှုများ၏ အလားအလာများလည်းရှိနေသေးသည်ဟု ကမ္ဘာ့ဘဏ်က ဆိုသည်။ တိုင်းပြည်လူဦးရေ ၇၀ ရာခိုင်နှုန်း၏ အသက်မွေးဝမ်းကြောင်းအလုပ်ဖြစ်သော စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် နိုင်ငံပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု(GDP)နှင့် ကုန်သွယ်ပို့ကုန်များ၏ ၃၀ ရာခိုင်နှုန်းနီးပါးရှိသည်။

ယခုအတည်ပြုလိုက်သည့် မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ်ဖွံ့ဖြိုးရေး စီမံကိန်းသည် မြန်မာအစိုးရ၏ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများလျော့ပါးသက်သာစေရန်နှင့် နိုင်ငံ၏စီးပွားရေး ပြန်လည်အထောက်အကူပြုစေမည့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေးစီမံချက်(Covid-19 Economic Relief Plan-CERP)ကိုအထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ထားသည်ဟုသိရသည်။ ''ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နောက်ထပ် ၃ လမှ ၆လ အထိဝင်ငွေများ ဆက်လက်ကျ ဆင်းနေမယ်ဆိုရင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်တဲ့ မိသားစုအကြား ဆင်းရဲနွမ်းပါးတဲ့ လူဦးရေ ၂ သန်းကနေ ၄ သန်းအထိတိုးပွားလာပါလိမ့်မယ်။ ဒီစီမံကိန်းနဲ့ ကမ္ဘာ့ဘဏ်က အစိုးရအတွက် စိုက်ပျိုးမွေးမြူရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို အကာအကွယ်ပေးနိုင်မယ့် အဓိကလုပ်ငန်းတွေနဲ့စိုက်ပျိုးမွေးမြူရေးနဲ့ စားနပ်ရိက္ခာကဏ္ဍကို လက်ရှိအကျပ်အတည်းကနေ အပြည့်အဝပြန်လည်ထူထောင်နိုင်စေဖို့ ကူညီပေးရာမှာ အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်''ဟု ကမ္ဘာ့ဘဏ်၏ မြန်မာ၊ကမ္ဘောဒီးယားနှင့်လာအိုနိုင်ငံဆိုင်ရာဌာနေ ညွှန်ကြားရေးမှူး မာရီယမ်ရှာမန်ကပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ပြန်လည်ထူထောင်သည့်ကာလသို့ ရှေးရှုရာတွင် ယခုစီမံကိန်းသည် စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေး ထိပါးနိုင်သော အန္တရာယ်များအား အသိပညာပေးနိုင်ရန်၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု စိုက်ပျိုးမွေးမြူရေး ပညာပေးလုပ်ငန်းများ တိုးချဲ့ဖော်ထုတ်ဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးမွေးမြူရေးကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရာနှင့် ငွေပေးငွေယူကိစ္စရပ်များ ဆောင်ရွက်ရာတွင် အွန်လိုင်းအသုံးပြု၍ ဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဖော်ထုတ်မြှင့်တင်သွားနိုင် ရန်၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမျိုးအစား ကွဲပြားစုံလင်စေခြင်းနှင့် စိုက်ပျိုးမွေးမြူရေးသုတေသနနှင့်ဖွံ့ဖြိုးရေးစနစ်များ တိုးမြှင့်

စေခြင်းဖြင့် လယ်သမားများအား ဈေးကွက်ချိတ်ဆက်နိုင်စေရန် စသည်တို့တွင် အကူအညီပေးသွားမည်ဟုသိရသည်။ မြန်မာအစိုးရ၏ မဟာဗျူဟာကျကျ ဦးစားပေးလုပ်ငန်းများကို ကာလလတ်မှသည် ရေရှည်ထောက်ပံ့ခြင်းဖြင့် အုပ်ချုပ်ရေး၊ ကုန်ထုတ်လုပ်မှု၊ ယှဉ်ပြိုင်နိုင်မှုများ ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် ရာသီဥတုဒဏ်နှင့် သဘာဝဘေးပတ်ဝန်းကျင်ကို မထိခိုက်စေသည့် ခိုင်မာသော နည်းပညာများနှင့် အလေ့အထကောင်းများ သုံးစွဲလာနိုင်စေရန် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ စီမံကိန်းသည် အဆိုပါကဏ္ဍများဖြင့် ပိုမိုကျယ်ပြန့်သော ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်စေရန်စမ်းသပ်ခြင်းနှင့် နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရရှိစေရေး အထောက်အပံ့ပေးခြင်းတို့၌ ရင်းနှီးမြှုပ်နှံ၍ ယင်းကဏ္ဍကို နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်ပျက်ဆီးစေနိုင်သည့် အကြောင်းအရာများအား ခံနိုင်ရည်ရှိစေရန် ကူညီသွားမည်ဖြစ်သည်။

စီမံချက်သည် စိုက်ပျိုးမွေးမြူရေးသွင်းအားစုများ၏ အရည်အသွေးနှင့် အသုံးချမှုကို တိုးတက်စေခြင်း၊ ဆင်းရဲသော အိမ်ထောင်စုများ အထူးသဖြင့် ကပ်ဘေးကြောင့် နိုင်ငံရပ်ခြားတွင် အလုပ်အကိုင်ဆုံးရှုံးပြီး နေရပ်ပြန်လာသည့် ရွှေ့ပြောင်း လုပ်သားများအတွက် လုပ်အားခရရှိစေရန် အလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် လယ်သမားများအတွက် ဝင်ငွေရရှိစေရေးကို အထောက်အကူပြုရန်ရည်ရွယ်သည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။ ကမ္ဘာ့ဘဏ်ကစီမံကိန်းကြောင့် လူဦးရေ ၅၆၀,၀၀၀ အကျိုးခံစားခွင့်ရှိမည်ဟု မျှော်မှန်းထားသည့်အနက် အမျိုးသမီး ၂၂၀၀၀၀ ခန့် ပါဝင်မည်ဟုသိရသည်။

**Source:** https://myanmar.mmtimes.com/news/140743.html

## ပြည်တွင်း၌ မွေးမြူရေးစွမ်းအားများ တိုးတက်လာအောင်ဆောင်ရွက်နိုင်မည်ဆိုပါက မကြာမီ ကာလအတွင်း ရေထွက်ကုန်တင်ပို့မှုမှ တစ်နှစ်လျှင် ဒေါ်လာတစ်ဘီလျံအထိ တိုးတက်ရရှိနိုင်မည်ဟု ဒုတိယဝန်ကြီးပြောကြား

ပြည်တွင်း၌ မွေးမြူရေးစွမ်းအားများကို တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မကြာမီကာလအတွင်း ရေထွက်ကုန်တင်ပို့မှုသည် တစ်နှစ်လျှင် ဒေါ်လာတစ်ဘီလျံအထိ တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ "ပြည်တွင်းမှာလည်း မွေးမြူရေး စွမ်းအားတွေကို တိုးတက်လာအောင် ဆောင်ရွက်နိုင်မယ်ဆိုရင် မကြာခင်ကာလမှာ ဒေါ်လာတစ်ဘီလျံလောက်အထိကို တင်ပို့နိုင်မယ့် အနေ အထားဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ ပြီးခဲ့သည့် အစိုးရစတုတ္ထတစ်နှစ်တာ ကာလအတွင်း ပြည်ပသို့ ငါး၊ ပုစွန် ရေထွက် ကုန်ပစ္စည်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာသန်း ၇၃၀ ကျော်အထိရရှိထားသည်။ "ရေထွက်ပစ္စည်းပေါ့။ အဲဒီမှာရေချိုငါးမွေးမြူရေးနှင့် ရေငန်ငါးမွေးမြူရေးတွေမှာ တိုးတက်လာခဲ့တဲ့ကြောင့်မို့ ငါးမွေးမြူရေး ပို့ကုန်ကနေမှ၊ ရေထွက် ပစ္စည်းပို့ကုန်ကနေမှ ပြီးခဲ့တဲ့နှစ်က ဒေါ်လာ ၇၃၂ သန်းလောက် တင်ပို့နိုင်ခဲ့ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

လက်ရှိဘဏ္ဍာနှစ် ရှစ်လခွဲခန့်၌ ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာသန်း ၆၈၀ ကျော်ရရှိထားပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာသန်း ၁၀၀ ကျော်ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန် ထားသည့် စာရင်းများအရသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇွန် ၁၂ ရက်အထိ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာ ၆၈၃ ဒသမ ၀၅၂ သန်းရရှိထားသည်။ ယခင်နှစ်ကာလတူတွင်မူ ဒေါ်လာ ၅၈၁ ဒသမ ၁၆၅ သန်းသာရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ရှစ်လခွဲခန့်တွင် ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုသည် ယခင်နှစ် ကာလတူထက် ဒေါ်လာ ၁၀၁ ဒသမ ၈၈၇ သန်း ပိုမိုရရှိခဲ့ကြောင်းသိရသည်။

လက်ရှိမြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ငါး၊ ပုစွန်အပါအဝင် ရေထွက်ကုန်ပစ္စည်းတင်ပို့နေသည့်ပမာဏက အိမ်နီးချင်း နိုင်ငံများ၏ တင်ပို့မှု ပမာဏကိုမီရန် အဆပေါင်းများစွာ လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် တင်ပို့မှုပမာဏကို မြှင့်တင်ရာတွင် သဘာဝဖမ်းဆီးရောင်းချခြင်းထက် မွေးမြူရေးစနစ်များ ကောင်းမွန်အောင်ဆောင်ရွက်၍ တင်ပို့သင့်ကြောင်း ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။ ထို့ကြောင့် အမေရိကန်ဒေါ်လာ ၃ ဘီလျံခန့်အထိ ရရှိအောင် ထုတ်လုပ်နိုင်ရန် ခေတ်မီနည်းစနစ်များဖြင့် ငါးကန်၊ ငါးစာထုတ်စက်ရုံ၊ အအေးခန်းစက်ရုံနှင့် ထုတ်ကုန်အရည်အသွေးမြှင့်စက်ရုံများကို အင်ဒိုနီးရှား၊ ထိုင်ဝမ်နှင့် တရုတ်ပညာရှင်များဖြင့်ပူးပေါင်း၍ တည်ဆောက်မည်ဖြစ်ကြောင်း ၂၀၁၈ ခုနှစ် မေကပြုလုပ်သည့် ဒုတိယသမ္မတ (၁)နှင့် လုပ်ငန်းရှင်များ ၁၆ ကြိမ် မြောက်တွေ့ဆုံ ပွဲတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်ကတင်ပြခဲ့ကြောင်း သိရ

သည်။ အဆိုပါ ခေတ်မီနည်းစနစ်များဖြင့် ငါးကန်၊ ငါးစာထုတ်စက်ရုံ၊ အအေးခန်းစက်ရုံနှင့် ထုတ်ကုန်အရည်အသွေးမြှင့် စက်ရုံများ တည်ဆောက်ရာတွင် အင်ဒိုနီးရှား၊ ထိုင်ဝမ်၊ တရုတ်ပညာရှင်များနှင့် မြန်မာလုပ်သားများပူးတွဲ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယင်းတည်ဆောက်မှုအရ လူဦးရေတစ်သိန်းခန့်အား အလုပ်အကိုင်များပေးနိုင်မည်ဖြစ်ကြောင်းတင်ပြခဲ့ သည်။ ထိုကဲ့သို့ ဆောင်လုပ်ရာတွင် မျိုးငါး၊ မျိုးပုစွန်နှင့်မြေနေရာ၊ SMEs ချေးငွေများလိုအပ်နေရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ချေးငွေထုတ်ချေးရန် အစီအစဉ်များရှိကြောင်းသိရသည်။

Source: https://news-eleven.com/article/180486

## သံဖြူဇရပ် ပင်ဒေသထွက်နေလှန်းဆားကို စင်ကာပူနိုင်ငံသို့ ပထမဆုံးတင်ပို့ရောင်းချနိုင်ရန် လုပ်ငန်းစဉ်များ စတင်



မွန်ပြည်နယ် နေလှန်းဆားလုပ်ငန်းရှင် အဖွဲ့ဝင်တစ်ဦးက ပြည်ပ ထုတ်ကုန်အဖြစ် သံဖြူဇရပ်မြို့နယ် ပင်ဒေသထွက် နေလှန်းဆားကို စင်ကာပူနိုင်ငံသို့ ပထမဆုံးတင်ပို့ရောင်းချနိုင်ရန်၊ ဈေးကွက်၊ သယ်ယူပို့ဆောင်မှု၊ အခွန်ကိစ္စစသည်တို့ကို ပြင်ဆင်မှုများစတင်လုပ်ဆောင်နေကြောင်းသိရသည်။ “တစ်ပိဿာထုတ်လုပ်စရိတ်က ကျပ် ၅၀၊ ၆၀၊ အကျိုးအမြတ် ကျပ် ၁၀၊ ၁၅လောက် လိုချင်တယ်ဆိုရင် ကျပ် ၇၀ လောက်နဲ့ ရောင်းဖို့ရှိတယ်။ ဒါက ဆားကွင်းဈေးပဲ ရှိသေးတယ်။ သဘော်တင်စရိတ်၊ ထုပ်ပိုးပစ္စည်းအတွင်း/ အပြင်အတွက် ကုန်ဖို့ရှိသေးတယ်။ အဲဒါတွေပါ ပြန်ပေါင်းရင် တစ်ပိဿာကျပ် ၁၀၀ လောက် ရှိသွားနိုင်တယ်။ အဲဒီဈေးကလည်း ကမ္ဘာပေါ်မှာ ဆားထုတ်လုပ်စရိတ်မှာ အမြင့်ဆုံးဖြစ်နေပြီ။ ဟိုဘက်စင်ကာပူက ဝယ်စရာရွေးချယ်စရာအများကြီး၊ အိန္ဒိယရှိတယ်။ တန်ငါးသောင်း၊ သုံးသောင်း ဝယ်လို့ရတယ်။ ပို့လို့လည်းလွယ်တယ်။ ပို့နေကျဆိုတော့ လမ်းကြောင်းကချောနေမယ်။ ကျွန်တော်တို့မှာ ထုတ်လုပ်မှုစရိတ်ကြီးတယ်။ တင်ပို့မယ့်ပထမနှစ်မှာ အခွန်ကင်းလွတ်ရင် ပိုအဆင်ပြေမှာပေါ့။ အကြိုညှိနှိုင်းတာ သူတို့က တန်ငါးထောင်လောက်ယူမယ်။ ကျွန်တော်တို့က ပထမခြေနိုင်လက်နိုင်တန် တစ်ထောင်လောက် စပို့နိုင်ပို့လုပ်နေပါတယ်။ တကယ်လို့ သူတို့ယူဖြစ်မယ်၊ ဈေးနည်းနည်း လျှော့ဆိုရင်လည်း ကျွန်တော်တို့ ရောင်းနိုင်အောင် ကြိုးစားမယ်။ ဈေးကိုမကြောက်ဘူး။ ပို့ဖြစ်ဖို့ပဲလိုပါတယ်။ ဒီနေ့ပဲ မွန်ပြည်နယ်စားသုံးသူရေးရာဌာနကို တင်ပြတော့ ရန်ကုန်ကုန်သွယ်ဦးစီးမှာ စုံစမ်းဖို့လမ်းညွှန်တယ်” ဟု မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းထိန်က ဆိုသည်။ “ကျွန်တော်တို့က ပြည်တွင်းဈေးကွက်ကို ဒီအတိုင်းမေ့ထိုင်နေလို့မရတော့ဘူး။ ကျွန်တော်တို့မှာ ပိုလျှံနေတာကို သူများထက်ဈေးလျှော့မယ်။ ပါကင်တွေ သူများထက်ပိုကောင်းအောင် အရည်သွေးကောင်းအောင်လုပ်မယ်။ အဲဒါဆိုရင် နိုင်ငံတကာပို့လို့ရမှာပေါ့။ အရည်အသွေးကောင်းမယ်။ ဈေးကတစ်ဖက်က ယူနိုင်တဲ့ဈေးမျိုးဆိုရင် အဆင်ပြေဖို့များမှာပါ”ဟု မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က ပြောကြားသည်။

မွန်ပြည်နယ်နေလှန်းဆားများသည် ရာသီဥတုဖောက်ပြန်မှုနည်း၍ ဆားရာသီကုန် မေလအထိ ကျုံးနိုင်သည့်အတွက် ဆားမက်ထရစ်တန်ချိန် ငါးသောင်းခန့်ထွက်ရှိပြီး ဒေသတွင်းစားသုံးမှုအနေဖြင့် တန်တစ်သောင်းသာလိုကာ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ အထက်မြန်မာနိုင်ငံအရပ်ရပ်သို့ တင်ပို့ရောင်းချကြောင်း မွန်ပြည်နယ် ဆားကုန်သည်များထံမှသိရသည်။

**Source:** https://news-eleven.com/article/180170

## ကိုဗစ်ကာလ ဘင်္ဂလားဒေ့ရှ်သို့ ကန်ဒေါ်လာ ၂ သန်းကျော် ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့

ရခိုင်ပြည်နယ်၊ စစ်တွေကုန်သွယ်ရေးစခန်းမှတဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃၆ သန်း ကျော် တန်ဖိုးရှိ ကုန်ပစ္စည်းများကို ကိုဗစ်ကာလအတွင်း တင်ပို့တင်သွင်းနိုင်ခဲ့ကြောင်း စစ်တွေကုန်သွယ်ရေး စခန်းမှသိရသည်။ ယခုနှစ် ဧပြီလမှ ဇွန်လ ၁၈ ရက်နေ့အထိ နှစ်နိုင်ငံကုန်သွယ်ခဲ့ရာတွင် ပို့ကုန်အနေဖြင့် ဒေါ်လာ ၂ ဒသမ ၀၂၇ သန်းနှင့် သွင်းကုန် အနေဖြင့် ၀ ဒသမ ၀၀၉ သန်းအထိ ကုန်သွယ်မှုရှိခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၊ စစ်တွေကုန်သွယ်ရေးစခန်းမှ ဒုတိယ

ညွှန်ကြားရေးမှူး ဦးမျိုးမင်းကပြောသည်။ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းက "ကုန်သွယ်မှု အခြေအနေကတော့ ပုံမှန်ပါပဲ။ ကိုဗစ်ကာလမှာလည်း ပုံမှန်ပဲလည်ပတ်နေပါတယ်။ အဲဒီမှာ တခုရှိတာ ကြက်သွန်နီတင်ပို့မှုကတော့ နည်းနည်း လျော့ကျသွားတာရှိတယ်။ " ဟု ဧရာဝတီသို့ပြောသည်။

မြန်မာဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့ကုန်အနေဖြင့် ကြက်သွန်နီ၊ ငါးမြစ်ချင်း၊ ဇီးဖတ်၊ မန်းကျည်းစေ့၊ ဇီးသီးခြောက်၊ ဂျင်းအစို၊ ငါးခြောက်၊ မန်ကျည်းသီးဖတ် ၊ ကုလားပဲ ၊ ငါးသိုင်းခေါင်းပွ၊ မန်ကျည်းသီးဖတ် ( အစေ့ပါ )နှင့် ငရုတ်သီးခြောက်တို့ကို ပုံမှန်အတိုင်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်ဘက်မှ မြန်မာဘက်သို့ သွင်းကုန်အနေဖြင့် ဆံပင်၊ T- SHIRT၊ Woven Fabric ( ပိတ်စ )၊ Plastic Water Tank (ရေတိုင်ကီ) နှင့် Metal Water Pot ( ဒန်သတ္တုအိုး ) တို့ဖြစ်ကြောင်း စစ်တွေကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းအချက်အလက်အရသိရသည်။ စစ်တွေမြို့ခံ စီးပွားရေးလုပ်ငန်းရှင်တဦးဖြစ်သူ ဦးခင်မောင်ကြီး ကတော့ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းတိုးတက်ရန်မှာ နှစ်ဘက်အစိုးရ ဆက်ဆံရေးပြေလည်ရန် လိုအပ်သလိုစနစ်များ ပြောင်းလဲရန်လိုအပ်ကြောင်းလည်းထောက်ပြသည်။ ဦးခင်မောင်ကြီးက " အဓိကတော့ မြန်မာအစိုးရရဲ့ ဘင်္ဂလားဒေ့ရှ်အစိုးရ ဆက်ဆံရေးပိုင်းမှာ ပြေလည်မှုမရှိတော့ နယ်စပ်ကုန်သွယ်မှုတွေက ခဏနေပိတ်လိုက် ၊ ခဏနေ ပြန်ဖွင့်လိုက်နဲ့ဖြစ်နေတယ်။ တည်ငြိမ်မှုမရှိတဲ့အနေအထားဖြစ်တယ်။ ကုန်ပစ္စည်းကုန်သွယ်တဲ့အခါမှာလည်း အာမခံချက်ရှိတဲ့ ကုန်သွယ်မှုစနစ်တခု ဖြစ်အောင် စနစ်တွေပြောင်းပေးဖို့လိုအပ်တယ်" ဟု ဧရာဝတီသို့ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့သည့် ရေယာဉ်များမှာလည်း ပုံမှန်အတိုင်း သွားလာမှုများရှိသည်ဆိုသော်လည်း စစ်တွေဆိပ်ကမ်းသို့ ပြန်လည်ဝင်ရောက်လာသည့် ရေယာဉ်ပေါ်မှလူများကို ရက်ပေါင်း ၂၀ Quarantine ဝင်ရန် သတ်မှတ်ထားကြောင်းလည်းသိရသည်။ ယခုလ ဇွန်လ ၂၃ ရက်နေ့ကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတဆင့် ကုန်သယ်ရေယာဉ်ဖြင့်လမ်းကြုံလိုက်လာသူ စစ်တွေမြို့ခံ အသက် ၃၈ နှစ်အရွယ် အမျိုးသား ၁ ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး တွေ့ရှိခဲ့သဖြင့် စစ်တွေဆေးရုံတွင် ကုသမှုခံယူနေပြီး ဆက်စပ်ခဲ့သူများကိုလည်း Quarantine centre များသို့ပို့ဆောင်ကာ စောင့်ကြည့်ကြပ်မတ်ထားကြောင်းလည်းသိရသည်။ စစ်တွေမြို့တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး စတင်တွေ့ရှိလာသည့်အတွက် မြို့ခံများအကြားတွင် စိုးရိမ်မှုများမြင့်တက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကိုလည်း ယာယီရပ်ဆိုင်းပေးရန် လိုလားနေကြသည်။ စစ်တွေမြို့ခံ ဦးအောင်သန်းဝေက " အခုပိုးတွေ့တဲ့ လူအားလုံးက ဘင်္ဂလားဒေ့ရှ်က ဝင်လာသူတွေဖြစ်နေတယ်။ လူတွေ ခိုးဝင်တာပဲ ဖြစ်ဖြစ် ၊ တရားဝင် ဝင်ရောက်လာတာပဲဖြစ်ဖြစ် ဒီကိစ္စတွေ အားလုံးအပေါ် အစိုးရမှာတာဝန်ရှိတယ်" ဟု ဧရာဝတီသို့ပြောသည်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ဒုညွှန်မှူးဦးမျိုးမင်းက နယ်စပ်ကုန်သွယ်မှု ပိတ်၊ မပိတ်ဆိုသည်ကို အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အတိုင်းသာ ဆက်လုပ်မည်ဖြစ်ကြောင်းပြောသည်။ လက်ရှိအချိန်အထိ ရခိုင်ပြည်နယ်အတွင်း ကိုဗစ်ရောဂါပိုး တွေ့ရှိသူမှာ သံတွဲမြို့နယ်မှ ၁ ဦး ၊ တောင်ကုတ်မြို့နယ်မှ ၁ ဦး ၊ စစ်တွေမြို့နယ်မှ ၁ ဦးနှင့်မောင်တောခရိုင်အတွင်းက ၉ ဦး စုစုပေါင်း ၁၂ ဦးရှိကြောင်းသိရသည်။

**Source:** https://burma.irrawaddy.com/news/2020/06/27/225374.html

## မြန်မာနိုင်ငံအနေဖြင့် Transit Trade ဆောင်ရွက်မှုတွင် တိုးတက်မှုရှိပြီး ကျောက်ဖြူ-ကူမင်း ဓာတ်ငွေ့ပိုက်လိုင်းတစ်ခုတည်းမှ ဒေါ်လာလေးဘီလျံနီးပါးရရှိထားကြောင်း ဒုတိယဝန်ကြီးပြောကြား

ဇွန် ၂၄ ရက်က ကျင်းပသည့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ သတင်းစာ ရှင်းလင်းပွဲတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ "ကျွန်တော်တို့ရဲ့ ပထဝီအနေအထားအပေါ် မူတည်ပြီးတော့ Transit Trade ကို ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ Transit Trade ဆောင်ရွက်မှုမှာလည်း Transit Trade တစ်ဆင့်ခံ ပို့ဆောင်မှုလုပ်ငန်းဟာ ဆိုလို့ရှိရင် တော်တော်တိုးတက် လာတာကိုလည်း တွေ့ရပါတယ်။ ဒီအထဲမှာတော့ ကျောက်ဖြူ- ကူမင်း ဓာတ်ငွေ့ပိုက်လိုင်းတစ်ခုပဲပြောမယ်ဆိုရင်တော့ Transit Trade ကနေ ဒေါ်လာ ၃ ဒသမ ၉ ဘီလျံလောက် ရရှိခဲ့တယ်ဆိုတာကိုတွေ့ရပါတယ်" ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။

မြန်မာ–တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းသည် ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ် ရမ်းဗြဲကျွန်းမှ စတင်၍လည်းကောင်း၊ ရေနံစိမ်းပိုက်လိုင်းသည် မဒဲကျွန်းမှစတင်၍လည်းကောင်း သွယ်တန်းထားကြောင်းသိရသည်။ ပိုက်လိုင်းများသည် မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ကို ဖြတ်သန်းပြီး တရုတ်နိုင်ငံ ရွှေလီမြို့မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ အသီးသီးဝင်ရောက်သွယ်တန်းထားသည်။ ရေနံစိမ်းပိုက်လိုင်း သည် စုစုပေါင်း ၇၇၁ ကီလိုမီတာ ရှည်လျားပြီး သဘာဝဓာတ်ငွေ့ ပိုက်လိုင်းမှာမူ စုစုပေါင်း ၇၉၃ ကီလိုမီတာရှည်လျားသည်။ မြန်မာ–တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသည် ကီလိုမီတာ ၁၄၂၀ ဝန်းကျင်ရှည်လျားပြီး ၂၀၁၃ ခုနှစ် ဇူလိုင်တွင် ယင်းပိုက်လိုင်းမှတစ်ဆင့် သဘာဝဓာတ်ငွေ့တင်ပို့မှု စတင်ပြုလုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ရေနံစိမ်းတင်ပို့မှုများ စတင်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စတင်ဖွင့်လှစ်သည့် အချိန်မှစ၍ လက်ရှိအချိန်အထိ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရေနံစိမ်းတန်ချိန် ၁၉ သန်းနှင့် သဘာဝဓာတ်ငွေ့ တန်ချိန် ၁၃ ဒသမ ၄၄ သန်းတင်ပို့ခဲ့ပြီး ဖြစ်သည်။

မြန်မာ–တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို SEAGP ကုမ္ပဏီကတာဝန်ယူဆောင်ရွက်ပြီး ရေနံစိမ်းပိုက်လိုင်းကိုမူ SEAOP ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်၌ ပြည်ပသို့သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၂ ဒသမ ၂ ဘီလျံကျော်ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၂၀ လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၂၂ ရက်အထိ ရှစ်လခန့်၌ ပြည်ပသို့ သဘာဓာတ်ငွေ့ တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၂ ဒသမ ၂၅၀ ဘီလျံရရှိထားပြီး ယခင်နှစ် ကာလတူတွင် ဒေါ်လာ ၂ ဒသမ ၃၇၀ ဘီလျံ ရရှိထားသည်။ “ဒီနှစ်မှာက သဘာဝဓာတ်ငွေ့က ဒေါ်လာသန်း ၂၂၅၀ (၂ ဒသမ ၂၅၀ ဘီလျံ) ရရှိထားတာပေါ့။ ပြီးခဲ့တဲ့ ကာလတူမှာက ဒေါ်လာသန်း ၂၃၇၀ (၂ ဒသမ ၃၇၀ ဘီလျံ) အထိ ရရှိထားတာဆိုတော့ ဒီနှစ်မှာက မနှစ်ကထက် လျော့တယ်” ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်တွင် သဘာဝဓာတ်ငွေ့တင်ပို့မှုသည် ယခင်နှစ် ကာလတူထက် ဒေါ်လာသန်း ၁၂၀ အထိ လျော့ကျခဲ့ခြင်းဖြစ်သည်။

အစိုးရသက်တမ်း တတိယတစ်နှစ်တာအတွင်း မြန်မာ့ရေနံနှင့်သဘာဝလုပ်ငန်းအနေဖြင့် ကုန်းတွင်းနှင့်ကမ်းလွန်ရှိ တွင်းပေါင်း ၈၆ ခုမှ စုစုပေါင်း ရေနံစိမ်းစည် ၃ ဒသမ ၃၂ သန်းနှင့် သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၆၂၃,၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/180003

## စင်ကာပူနှင့်ကိုရီးယား ဒီဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများစတင်ပြုလုပ်

ကိုရီးယား–စင်ကာပူ ဒီဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် (Korea – Singapore Digital Partnership Agreement – KSDPA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို စတင်ပြုလုပ်ပြီဖြစ်ကြောင်း စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr Chan Chun Sing နှင့် ကိုရီးယားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး Mrs Yoo Myung Hee တို့က ၂၂ – ၆ – ၂၀၂၀ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေးစဉ် အသိပေးကြေညာခဲ့ကြကြောင်း သိရှိရပါသည်။

စင်ကာပူနှင့် ကိုရီးယား နှစ်နိုင်ငံ ပြည်သူများအကြား၊ စီးပွားရေးလုပ်ငန်းများအကြား ကုန်သွယ်မှုမြှင့်တင်ပေးနိုင်သော၊ ယုံကြည်စိတ်ချရသည့် အချက်အလက်များ စီးဆင်းနိုင်သော၊ ပိုမိုကောင်းမွန်သည့် ဈေးကွက်ဝင်ရောက်နိုင်မှု၊ ချိတ်ဆက်မှုနှင့် အခွင့်အလမ်းများကို ဖန်တီး ပေးနိုင်သော ဒီဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ဖြင့် ကိုရီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လိုကြောင်း၊ KSDPA သည် နှစ်နိုင်ငံလုံးအတွက် ဒီဂျစ်တယ်စီးပွားရေးက ဖန်တီးပေးမည့် အခွင့်အလမ်းများကို ရယူနိုင်ရေးနှင့် လျင်မြန်စွာရှေ့တက်လှမ်းနိုင်ရေးအတွက် အထောက်အကူပြုပေးမည်ဖြစ်ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး Mr Chan Chun Sing ကပြောကြားခဲ့ပါသည်။ ဤစာချုပ်လက်မှတ်ရေးထိုးခြင်းဖြင့် ကိုယ်ပိုင်အချက်အလက်ကာကွယ်ရေး၊ နိုင်ငံဖြတ်ကျော် အချက်အလက်စီးဆင်းမှု၊ ဒီဂျစ်တယ် အထောက်အထားများ၊ ငွေရေးကြေးရေး

ဆိုင်ရာ နည်းပညာ (Fintech)၊ မှတ်ဉာဏ်တု (Artificial Intelligence) အုပ်ချုပ်ရေးမူဘောင်များစသည့် အသစ်ပေါ်ထွက်လာသော ဒီဂျစ်တယ်နယ်ပယ်များတွင် နှစ်နိုင်ငံအကြား လေးလေးနက်နက် လက်တွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့ပြင် နှစ်နိုင်ငံရှိ SME လုပ်ငန်းများအကြား ချိတ်ဆက်ဆောင်ရွက်မှုကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

စင်ကာပူနိုင်ငံသည် ချီလီ၊ နယူးဇီလန်တို့နှင့် ပထမဆုံး ဒီဂျစ်တယ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုသဘောတူစာချုပ်ကို ၁၂ – ၆ –၂၀၂၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ဩစတြေးလျနှင့် လက်မှတ်ရေးထိုးနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများအား အဆုံးသတ်ထားပြီးဖြစ်ကြောင်းလည်း ၂၃ – ၃ – ၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

**Source: Ministry of Trade and Industry, Singapore**

**စီးပွားရေးသံမှူး–မြန်မာသံရုံး ၊ စင်ကာပူ**

## ဂျပန်နိုင်ငံ၏စီးပွားရေးအလားအလာအပေါ် မျှော်လင့်ချက်ကျဆင်းလာသည့်အတွက် စိုးရိမ်ရသည့်အနေအထားတွင်ရှိကြောင်း BOJ ၏ မူဝါဒရေးဆွဲသူများ သုံးသပ်ပြောဆို

ဂျပန်ဗဟိုဘဏ်က လာမည့် ဇူလိုင်လ ၁ ရက်နေ့တွင် ထုတ်ပြန်မည့် တန်းကန်းစစ်တမ်းတွင် နိုင်ငံ၏ စီးပွားရေးအပေါ် ယုံကြည်အားထားမှု ကျဆင်းနိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူပညာရှင်များက တွက်ဆနေကြောင်းသိရပါသည်။ သုံးလတစ်ကြိမ်ထုတ်ပြန်သည့် အဆိုပါစစ်တမ်းတွင် ကုမ္ပဏီပေါင်း ၁၀၀၀၀ ခန့်နှင့် စီးပွားရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များအပေါ် မည်သို့ သဘော ထားရှိကြောင်း မေးမြန်းသုံးသပ်ချက်များ ပါဝင်ပါသည်။

ပုဂ္ဂလိကကဏ္ဍရှိ ကျွမ်းကျင်ပညာရှင်အဖွဲ့ ၁၀ ဖွဲ့ ၏ လေ့လာသုံးသပ်သူများက ကုန်ထုတ်လုပ် ငန်းကြီးများ လုပ်ငန်းဆောင်ရွက်မှုအတွက် အညွှန်းကိန်းသည် အနှုတ် ၂၃ မှတ်မှ အနှုတ် ၃၈ မှတ် အကြားအထိ ကျဆင်းသွားနိုင်ကြောင်း၊ အဆိုပါအချက်သည် ကမ္ဘာ့ငွေကြေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည့် အခြေအနေကထက်ပင် ပိုမိုနိမ့်ကျလာသည့် အဆင့်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ထုတ်ပြန်ခဲ့သည့် သုံးလပတ်ကာလ တန်းကန်းစစ်တမ်းတွင် အနှုတ် ၈ မှတ် ရှိခဲ့ကြောင်း ပြောဆိုခဲ့ပါသည်။ ကုန်ထုတ်လုပ်ငန်းကြီးများ မဟုတ်သည့် အခြားသော ကုမ္ပဏီများအတွက် အညွှန်းကိန်းသည်လည်း အနှုတ် ၇ မှတ် မှ အနှုတ် ၃၀ မှတ်အကြားထိ ကျဆင်းသွားဖွယ်ရှိကြောင်း သုံးသပ်နေကြပါသည်။

ဂျပန်အစိုးရက ယခုလအတွင်း ကန့်သတ်မှုများကို ဖြေလျှော့ခဲ့ပြီး စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများသည်လည်း ပြန်လည်လှုပ်ရှားရှင်သန်လာပြီဖြစ်ပါသည်။ သို့သော်လည်း လာမည့်ဇူလိုင်လတွင်ထုတ်ပြန်မည့် တန်းကန်းစစ်တမ်းတွင် ဧပြီလနှင့်မေလအတွင်းက အကျပ်အတည်းရင်ဆိုင်ခဲ့ကြရသည့် စီးပွားရေးလုပ်ငန်းအခြေအနေများ၏ သက်ရောက်မှုကြောင့် စစ်တမ်းသုံးသပ်ချက်တွင် ဆက်လက်ကျဆင်းနေမည့် အခြေအနေပင်ဖြစ်ပါကြောင်း သိရပါသည်။ ထို့အပြင် ဂျပန်ဗဟိုဘဏ် (BOJ) ၏ ဇွန်လ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် မူဝါဒဆိုင်ရာ အစည်းအဝေး၏ အကျဉ်းချုပ်သုံးသပ်ချက်အရ COVID–19 ကပ်ရောဂါ၏ ဂယက်ရိုက်မှုကြောင့် နိုင်ငံ၏စီးပွားရေးသည် စိုးရိမ်ရသည့် အနေအထားတွင်ရှိနေဆဲဖြစ်ကြောင်း မူဝါဒ ရေးဆွဲသူများက ပြောကြားခဲ့ကြောင်းသိရပါသည်။

ဂျပန်နိုင်ငံအနေဖြင့် စီးပွားရေး ပြန်လည်နာလန်ထူလာမည့် အခြေအနေသည် နှေးကွေးနိုင်ဖွယ်ရှိပါကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ်ကို ထည့်သွင်းစဉ်းစားလာကြမှုကြောင့် လူအများ၏ နေထိုင်မှုပုံစံများ ပြောင်းလဲလာကြပြီး သမားရိုးကျ ဝန်ဆောင်မှုလုပ်ငန်းများ ကျင့်သုံးဆောင်ရွက်မှု ကျဆင်းလာခြင်း၏ သက်ရောက်မှုများကြောင့်ဖြစ်ပါကြောင်း မူဝါဒ ရေးဆွဲသူအရာရှိတစ်ဦးက မှတ်ချက်ပြု ပြောဆိုခဲ့ကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး–မြန်မာသံရုံး ၊ ဂျပန်**

# STOCK EXCHANGE (29.6.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 29th Jun. 2020


### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 10,500 | 11,000 | 10,500 | 1,202 | 12,624,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,900 | 3,900 | 3,850 | 1,697 | 6,584,800 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | -200 | -2.41% | 8,200 | 8,200 | 8,100 | 151 | 1,228,200 | 10,400,986 | 84,248 |
| FPB | 00004 | 22,500 | +0 | +0.00% | 23,000 | 23,000 | 22,500 | 921 | 20,733,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 27 | 76,950 | 12,823,224 | 36,546 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 103 | 278,100 | 19,977,223 | 53,939 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 455.97 | -0.09 | -0.02% | 448.87 | 457.98 | 448.39 | 4,101 | 41,525,550 | 6 | 678,471 |

### Index chart




## Market Overview

As of 1:00 pm, 29th Jun. 2020

| MYANPIX | 455.97 ▼ 0.09 |
|---|---|
| Total Volume (shares) | 4,101 |
| Total Value (MMK) | 42 mil |
| Listed Company | 6 |
| Market Cap. (MMK) | 678,471 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,100 | ▼ 200 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |